http://www.thitsarparamisociety.com

အချိန်တိုင်းတွေးနေရင်း
ဘဝပြောင်းနေသည်။

အမေမှားလည်း အမေမှန်တယ်

အဖေမှားလည်း အဖေမှန်တယ်

**နိဗ္ဗာန်လိုချင်ရင်**

**သူများအတင်းမပြောနဲ့**

**ချမ်းသာလိုချင်ရင်**

**သူများအတင်းမပြောနဲ့**

# ပိုင်းလော့ဆရာတော် အရှင်ရေယျပဏ္ဍိတ ၏ အဆုံးအမများ

**ဈာန်ဈာမနသိကာရ – နှလုံးသွင်းမှန်ဖို့ဖတ်ရမယ်**

မိုးညှင်းသီဂီ ကျောင်းတိုက်

(၁၆)ရပ်ကွက်၊ အမှတ် (၂) လမ်းမကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း
ဖုန်း – ၀၉၅၁၉၆၁၂၇



(တရားစခန်းဝင်ယောဂီများအတွက် သီးသန့်)

http://www.thitsarparamisociety.com

# ပိုင်းလော့ဆရာတော်

# အရှင်ရေဝယျပဏ္ဍိတ

(မိုးကုတ် ဓမ္မကထိက)

မိုးညှင်းသိင်္ဂီ ကျောင်းတိုက်



အချိန်တိုင်း တွေးနေရင်း ဘဝပြောင်းနေသည်

Bhave (Life) is Always Changing All the Time While Thinking

http://www.thitsarparamisociety.com

မိုးညှင်းသိင်္ဂီကျောင်းတိုက်

ဝိုင်းလော့ဆရာတော်   အရှင်ဇေယျဝဏ္ဏိတ

၏

# အဆုံးအမများ

မိုးညှင်းသိင်္ဂီကျောင်းတိုက်

၁၆-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း

ဖုန်း-၀၉၅၁၉၆၁၂၇

(တရားနာယောဂီများ   သီးသန့်)

http://www.thitsarparamisociety.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ကွန်ပျူတာစာစီ | ❒ | ဥမ္မာမြင့် |
| အတွင်းဖလင် | ❒ | ပုံရိပ်ရှင် |
| မျက်နှာဖုံးဒီဇိုင်း | ❒ | မီးမီး ¨စတား |
| အုပ်ရေ | ❒ | ၁၀၀၀ |
| တန်ဖိုး | ❒ | ၂၀၀ |
| ထုတ်ဝေသည့်ကာလ | ❒ | ပထမအကြိမ်၊ ၂၀၀၉၊ စက်တင်ဘာလ။ |

၂၀၀၉ ခုနှစ်၊ ဩဂုတ်လ၊ ၂၀ ရက် နေ့စွဲပါ ၁၁၉/၀၁/ (ပုံနှိပ်) သသန - ၀၉ အရ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ပုံနှိပ်ထုတ်ဝေရေး ဌာနခွဲ သာသနာရေးဦးစီးဌာနက ထုတ်ဝေ၍ သာသနာရေး ဦးစီးဌာန ပုံနှိပ်တိုက်အတွက် ဦးဒွေးလှိုင် (မြဝ၂၄၅၃)၊ ခရီးဖော်ပုံနှိပ်တိုက်၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၆၆၁၄၆၅ တွင် ရိုက်နှိပ်သည်။

http://www.thitsarparamisociety.com


## နမော တဿ ဘဂဝတော

## အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**အရဟတော** တစ်ထောင့်ငါးရာ ကိလေသာတို့မှ ကင်းဝေးသန့်ရှင်းတော်မူ၍မကောင်းမှုတရားတို့ကို ဆိတ်ကွယ်ရာ၌ပင် ပြုတော်မမူ၊ ပြောတော်မမူ၊ စိတ်တော်မှပင် ကြံစည်တော်မမူသဖြင့်၊ ဗြဟ္မာ၊ နတ်၊ လူ သုံးဘုံလူတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်ပါပေထသော။

**သမ္မာသမ္ဗုဒ္ဓဿ** သစ္စာလေးပါး မြတ်တရားနှင့် အလုံးစုံသော တရားတော်မြတ်တို့ကို ဆရာမကူ သယမ္ဘူဉာဏ်မြတ်ဖြင့် ကိုယ်တော်တိုင် တတ်အပ်ထင်ထင်သိမြင်တော်မူနိုင်ပါပေထသော။

**တဿ ဘဂဝတော** ထိုဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကံတော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား။

**နမော** ရိုသေမြတ်နိုး မာန်ညွတ်ချိုး၍ ရှိခိုးခြင်းသည်

အတ္ထုဘဝန္တု စင်စစ်မသွေ ဖြစ်ကြပါစေကုန်သတည်း။

http://www.thitsarparamisociety.com


## "မြတ်စွာဘုရား"

* ဘုရားစကား နားထောင်ကြပါ။ တကယ်မြင်ခဲ့၊ တွေ့ခဲ့ သိခဲ့လို့ပြောတာ နားထောင်ပါ။ ဘုရားက လုပ်ဆိုတာလုပ်၊ မလုပ်နဲ့ဆိုတာ မလုပ်နဲ့ပေါ့။
* ဘုရားက ကရုဏာကြီးမားလွန်းလို့ ပညာဉာဏ် အလင်းများစွာနဲ့ ပြောခဲ့တာကို နားထောင်ကြပါ။ ဘုရားစကား နားမထောင်ရင်တော့ မလိမ္မာဘူးလို့ ပြောရမှာပဲ။
* ဘုရားကို ကြည်ညိုရပါတယ်။ ခေတ်ဆင်တာတွေ မလုပ်ရဘူး။ ဘုရားကို တကယ်ချစ်ပြီး အသက်ပေးရဲတဲ့စိတ်နဲ့ ကိုးကွယ်ရမှာ။ ဘုရားကို အသုံးမချ ရဘူး။
* ကျမ်းအရ ၃၂ ပါးလက္ခဏာပုံပေါ်အောင် ထုလုပ်ထားတဲ့ ဘုရားပုံတော်ကိုပဲ ကိုးကွယ်ပါ။ ပုံစံအမျိုးမျိုး ထုလုပ်ထားတဲ့ပုံတွေကို မကိုးကွယ်ရဘူး။ ထေရဝါဒ သာသနာမစစ်မှာစိုးလို့ပါ။
* ဘုရားဂုဏ်တော်မပွားခင် ဘုရားကို အသက်ပါပေးပြီး တကယ်ချစ်တဲ့ ကြည်ညိုတဲ့စိတ်နဲ့ မိမိရဲ့ ခန္ဓာကိုယ်ကို ဘုရားကျောင်းတော်အဖြစ် လှူဒါန်းပါ။

http://www.thitsarparamisociety.com


ပြီးလျှင် ဘုရားဂုဏ်တော်ကို နိုင်သလောက်ပွားပါ။ ရွတ်နေစဉ်အတွင်းမှာ သေဘေးကြုံလာလည်းပဲ သေပေစေတော့လို့ စိတ်ကိုချထားရမယ်။

* အမြဲတမ်း ဘုရားက ကိုယ့်နောက်မှာရပ်ပြီး ပြောနေသကဲ့သို့ ကြားယောင်နေတာ၊ ဘုရားက ဒီလိုဟောပါလားလို့ ကြားယောင်နေရင် အဲဒါ ဗုဒ္ဓါနုဿတိပဲ။ အိပ်လည်းပဲ၊ စားလည်းပဲ၊ သွားလည်းပဲ ဘုရားက ဆုံးမထားတာရှိတယ်။ အဲဒါတွေကို ကြားယောင် မြင်ယောင်နေရမယ်။

## "တရားတော်"

* တရားအသံကို ကြားရတယ်၊ တရားနာရတယ် ဆိုတာ ဘုန်းကံအင်မတန်ကြီးလို့ပါ။
* ဘုရားရဲ့တရားတော်သည် ဆင်းရဲကင်းပျောက် ချမ်းသာရောက်အောင် ကိုးကွယ်ရတဲ့ ကိုးကွယ်ရာ အစစ်ပါပဲ။
* တရားမနာရင် အသိအမြင်တွေ မတိုးဘူး၊ မမှန်ဘူး။
* ဘုရားသာသနာကွယ်ခြင်းဟာ တရားမနာတာက စတာပဲ။
* တရားမနာ၊ စာပေမသင်၊ နှုတ်တွင်မဆောင်၊

http://www.thitsarparamisociety.com



သိအောင်မမှတ်၊ ပဋိပတ်ကွာ ဤငါးဖြာ သာသနာ ကွယ်ကြောင်းတည်းတဲ့၊ အင်္ဂုတ္တိုရ်၊ ပဉ္စကနိပါတ်မှာ ဟောထားတယ်။ တခြားမှာ ကွယ်တာ မဟုတ်ဘူး။ ကိုယ့်သန္တာန်မှာကွယ်တာ။ တရားနာပြီးရင်လည်း သိအောင်ကျင့်ရမယ်။

## ကုသိုလ်၊ အကုသိုလ်

* ပြောတဲ့စကား၊ ကြားတဲ့အသံက ကုသိုလ်လား၊ အကုသိုလ်လား ခွဲခြားသိပြီး အကုသိုလ်ဆို ပျောက်သွားအောင် ရှုမှတ်ရမှာ။ ကုသိုလ်က ပင်လယ်ကြီးကို ဖြတ်နိုင်တဲ့ သင်္ဘောကြီးနဲ့တူတယ်။ အကုသိုလ်က ရေထဲမြုပ်နိုင်တဲ့ ကျောက်ခဲနဲ့တူတယ်။ အကုသိုလ်ကျောက်ခဲတွေနဲနေသေးရင်တော့ အကျိုး မပေးသေးဘူးနော်။ အကုသိုလ်ကျောက်ခဲတွေများလာရင်တော့ သင်္ဘောကြီးမြုပ်မှာပဲ။
* ကုသိုလ်ဓာတ်များမှ ရွှေ၊ ငွေ၊ စည်းစိမ်မြဲမယ်။ ကုသိုလ်ဓာတ်များရင် မကောင်းတာ မကြားရဘူး။ ဘုရားရှိခိုးနေရင်း ကိုယ်ပါမြောက်တက်လာပြီး စိတ်က အရမ်းကြည်နူးလာပြီဆိုရင် ချမ်းသာပြီ။
* လင်မယားရန်ဖြစ်၊ ဟိုဘက်ဆွေမျိုးမကျေနပ်၊

http://www.thitsarparamisociety.com



ဒီဘက် ဆွေမျိုးမကျေနပ်ဖြစ်ရင် ရှိသမျှစည်းစိမ် ကုန်မယ်။ ရွှေ ငွေ၊ ပစ္စည်း အပေါင်ဆိုင် ရောက်မယ်။ ကုန်သင့်လို့ ကုန်တာနော်၊ မရှိလို့ရောင်းစားတယ်ထင်မယ်။ မဟုတ်ဘူးနော်။ ကုသိုလ်ခတ် မရှိရင် ဘာမှမဖြဘူး။ ကုသိုလ်ခတ်နည်းရင်တော့ မကောင်းတာဘဲ ကြားရမယ်။ အကုသိုလ်စိတ်များရင် မဟုတ်တာမှ အဟုတ်ထင်နေတတ်တယ်။ ဘုရားရှိခိုးချင်စိတ် မရှိတော့ဘူး။

* သားသမီးကို တကယ်ချစ်ရင် အပျော်အပါးတွေ အပေါ်စက်၊ အောက်စက်တွေနဲ့ အလိုမလိုက်နဲ့။ ကုသိုလ်ခတ် အမွေပေးနော်။ တကယ်ချစ်ရင် ဘုန်းကြီးကျောင်းခေါ်၊ တရားနာခိုင်း။ နေ့စဉ်ဒါန ပြု၊ ဥပုသ်စောင့်။ အားပြည့်လာမယ်နော်။ ရှိတဲ့ ရတနာ ဥစ္စာပစ္စည်းနဲ့ ကုသိုလ်နဲ့ အချိုးတည့်မှ မြဲမှာနော်။ နေ့စဉ် တီဗွီ၊ ရုပ်ရှင်နဲ့ အချိန်ကုန်၊ ဒိုဟာလုပ် ဒီဟာလုပ်။ မဟုတ်တာတွေနဲ့ အချိန်ကုန်ရင် မဟုတ်တာတွေပဲ ဖြစ်မယ်နော်။ ကုသိုလ်ခတ်ထွက်အောင်မလုပ်ရင် ကြာရင် စွမ်းအားကုန်မယ်။ အဆင်မပြေ တာတွေ ဖြစ်လာမယ်နော်။

http://www.thitsarparamisociety.com



* ငွေဝင်သလောက်ထွက်နေပြီဆိုရင် ကုသိုလ်ခေတ် နည်းနေပြီဆိုတာ သတိထားတော့။ ကုသိုလ်ခေတ် ထွက်အောင်လုပ်တော့။ အပျော်အပါးလျှော့တော့။ ဥပုသ်ရက်ရှည်စောင့်။ ဘုရားစင်ရှေ့ထိုင်။
* အကုသိုလ်ခေတ်များတဲ့ ပုဂ္ဂိုလ်ရဲ့ အသွေးအသား မှာ မကောင်းတာကို အကောင်းထင်တယ်။ မဟုတ် တာမှ အဟုတ်ထင်တယ်။ ပြစ်မှားတာများတဲ့ ပုဂ္ဂိုလ်သည် စွမ်းအားကျနေတာ။
* အကုသိုလ်အကျိုးပေးလာတဲ့အချိန်မှာ ကုသိုလ်နဲ့ တားထားလို့ရတယ်။
* ဘယ်အကြောင်းကြောင့်မှ အပူခေတ်မထွက်စေနဲ့။ ဘာ့ကြောင့်ပူပူ ဘယ်သူ့ကြောင့်ပူပူ အကုသိုလ်ပဲ။ အကုသိုလ်ဖြစ်ရင် အပါယ်ဇာတိပဲ။
* တာဝန်တော့ကျေပါ၊ မတွယ်တာပါနဲ့။
* ကိုယ့်ရဲ့သဏ္ဍာန်မှာ ကုသိုလ်တရားရှိမှ၊ ဘုန်းကံရှိမှ ဘုရားရဲ့တရားကို နားလည်နိုင်မှာ။ ဘုန်းကံမရှိရင် အိပ်တောင်ပျော်သွားဦးမယ်။
* စိတ်ဆင်းရဲစရာမှန်သမျှသည် အကုသိုလ်ခေတ်

http://www.thitsarparamisociety.com



အကျိုးပေး။ စိတ်ချမ်းသာစရာမှန်သမျှသည် ကုသိုလ်ဓာတ်အကျိုးပေး။

* ဒါန၊ သီလ၊ ဘာဝနာသည် ကုသိုလ်ဓာတ်ကို ထွက်စေသော အအေးဓာတ်။

* ကုသိုလ်ဓာတ်သည် လောဘ၊ ဒေါသ၊ မောဟကို သတ်တာ။ ရှိတဲ့တိုက်တာ၊ ရွှေ ငွေ၊ စည်းစိမ်ဥစ္စာတွေသည် စိတ်မထားတတ်ရင် အပါယ်ရိက္ခာဖြစ်နေတာ။ ပစ္စည်းရှုံးတာထက် အကုသိုလ်ဖြစ်တာက ပိုနာတယ်။

* သူများအကြောင်းကို ပုံဖော်တဲ့အခါ ပြုံးတဲ့ပုံကို ဖော်နိုင်အောင် ကြိုးစားပါ။ မဖော်နိုင်ရင် တွေးကို မတွေးနဲ့ ရပ်ထားလိုက်။ ကုသိုလ်စိတ်နဲ့ယှဉ်တဲ့ အတွေးဘက်ကိုပြောင်းလိုက်။ မဟုတ်ရင်တော့ ကိုယ့်ပြန်စူးပြီ။ လောကခံအဆိုးကို ခံရလိမ့်မယ်။

* ငါလုပ်လို့ ငါစီမံလို့ရတာမဟုတ်ပါ။ တကယ် ကျွေးနေ ပေးနေတာက ကုသိုလ်ဓာတ်၊ အတွင်းရန် အပြင်ရန် အခက်အခဲ အောင်မြင်စေရန် ကုသိုလ်ဓာတ်ကို စဉ်ဆက်မပြတ် ထုတ်ရမယ်။ ဥပုသ်ရက်ရှည် စောင့်ရမယ်။ ဒါနပြုမယ်။ အကုသိုလ်ဓာတ် မထွက်အောင်နေရမယ်။ စဉ်ဆက်မပြတ် ကုသိုလ်ဓာတ် အမြဲဌာန်တင်ရမယ်။

http://www.thitsarparamisociety.com



* ဘုရားကို တကယ်ကြည်ညိုတဲ့ ချစ်တဲ့စိတ်နဲ့ ကုသိုလ်ဓါတ်ထွက်အောင် ကြိုးစားမယ်လို့ အဓိဋ္ဌာန် တင်ရမယ်။

## ကံနှင့်ကံအကျိုးပေး

* ဖြစ်ချင်တဲ့အကျိုးတရားတစ်ခုသည် အကြောင်းကောင်းမှရမှာ၊ အကျိုးအကြောင်းမှ မသိရင် သာသနာမှာ အနိမ့်ဆုံးအရည်အချင်းတောင် မရှိဘူး။

* လှူတဲ့အခါ စေတနာမှန်ရင် အကျိုးပေးသန်မယ်။ အင်မတန်ရှိသေပြီး စေတနာသန်ရင် ကိုယ့်ကို သူများခိုင်းတာ မခံရဘူး။ လူတကာလေးစား ရိုသေတာ ခံရမယ်။

* ကံမြောက်တိုင်း မြောက်တိုင်းမှာ ဓာတ်ရိပ် ဓာတ်ခိုးတွေ ပြောင်းနေတယ်။

* ဘုရားဂုဏ်တော်ကို ကြည်ညိုလို့ ပူဇော်တာမဟုတ်ဘဲ အောင်မြင်ဖို့အတွက် အသုံးချပြီးရွတ်ရင် ကိုယ့်မှာလည်းပဲ အောင်မြင်ပေမဲ့ သူများအသုံးချ ခံရလိမ့်မယ်။

* ကိုယ်လိုချင်တာကို တကယ်ပေးနေ ကျွေးနေတာက ကုသိုလ်ဓာတ်၊ ငါလုပ်လို့ ငါစီမံလို့ ရတာမဟုတ်။

http://www.thitsarparamisociety.com


* အမြဲတမ်း စိတ်ကောင်းရှိရမယ်။တကယ်ဖြောင့်စင်း ရမယ်၊ ဘယ်သူ့အပေါ်ဖြစ်ဖြစ် စိတ်ကအသုံးချဖို့ မစဉ်းစားရဘူး၊ တကယ်တန်ဖိုးထား၊ တကယ်ချစ်ရ မယ်။

* ကံမကောင်းရင် အဲပေါင်းအသင်း ကောင်းကောင်း နဲ့ မတွေ့ရဘူး။

* ဆင်းရဲတဲ့၊ တကယ်မရှိတဲ့ ပုဂ္ဂိုလ်တွေကို တရား စခန်းဝင်နိုင်အောင်၊ ဥပုသ်စောင့်နိုင်အောင် ကူညီ ပေးရမယ်။ ကိုယ်မကယ်ရင် သူတို့သည် နဂိုထဲက ကံမကောင်းတဲ့အတွက် အောက်ကိုသွားရမှာ။ တစ်ချက်လေးဘဲ ကုသိုလ်စိတ်ဝင်ရင်တောင် သူတို့ မှာ အကျိုးများလှပြီ။ ဘုရားဟောအတိုင်း သွားကြ ပါ။ ချမ်းသာတဲ့လူတွေကတော့ ကံအရှိန်ကောင်းပြီး သားလေ။

* ဘာပဲဖြစ်ဖြစ် ဖြစ်သင့်လို့ ဖြစ်တာလို့ မှတ်ပါ။

* ကံကို ကံနှင့် ဖျက်ရတယ်၊ မကောင်းတဲ့ ကံကို ကောင်းတဲ့ကံနဲ့ ဖျက်ရတယ်။

* ကံသည် အရှိန်အဟုန်တစ်ခုပါဘဲ။ အချိုးမပြေတာ တွေ ကွာဟတာတွေ ဖြစ်ချင်တာတွေ ဖြစ်မလာတာ

http://www.thitsarparamisociety.com


တွေ တွေးနေရင်း အပူခာတ်တွေထွက်ပြီး ဘဝပုံရိပ်တွေ ပြောင်းနေတာ။

* ကောင်းဆိုးနှစ်တန် ကံစီမံ၊ ခံစံကြရမည်။
* ဘယ်သူကိုဖြစ်ဖြစ် ကိုယ့်အတွက် အသုံးချဖို့ မစဉ်းစားနဲ့။ ဘယ်လိုကူညီရမလဲ၊ ဘာလုပ်ပေးနိုင်ရင် ကောင်းမလဲ။ ဒါပဲစဉ်းစားနော်။
* ကံကြောင့်သာ ဂြိုဟ်ပြောင်းတာပါ။ ဂြိုဟ်ကြောင့် ကံပြောင်းတာမဟုတ်ပါ။
* စေတနာကောင်းရင် ကံကောင်းလို့၊ ဘဝအကျိုးပေးကောင်းမယ်။ စေတနာညံ့ရင် ကံညံ့လို့ ဘဝအကျိုးပေးညံ့မယ်။ စေတနာဖြောင့်ရင် ကံဖြောင့်လို့၊ ဘဝအကျိုးပေးဖြောင့်မယ်။ စေတနာကောက်ကွေ့ရင် ကံကောက်ကွေ့လို့ ဘဝအကျိုးပေးကောက်ကွေ့မယ် စေတနာမြတ်ရင် ကံမြင့်မြတ်လို့၊ ဘဝအကျိုးပေး မြင့်မြတ်မယ်။ စေတနာ ယုတ်ညံ့ရင် ကံယုတ်ညံ့လို့ ဘဝအကျိုးပေး ယုတ်ညံ့မယ်။ စေတနာတည်းဟူသော ကံကို ကောင်းစွာနားလည်သဘောပေါက်ပါက မိမိဘဝကို ကြိုက်သလို ဖန်ဆင်း၍ နေနိုင်ကြပါသည်။ စေတနာနှင့် တူ

http://www.thitsarparamisociety.com


သော အကျိုးပေး၏။ သဒ္ဒိသံပါက် ဇနေတိ။ စေတနာ ၏ အကျိုးကို အချိန်က အဖြေပေးပါလိမ့်မယ်။

* ကိုယ်တကယ်မြတ်နိုးတဲ့၊ နှစ်သက်တဲ့ပစ္စည်းပေးပြီး ပျော်ရင် လိုရာဆုပြည့်မယ်လို့ ယုံကြည်ထားပါ။ ဆုတောင်းပြည့်မယ်။
* တစ်ဘက်သားကလဲ တကယ်လိုအပ်နေတဲ့အချိန် လိုအပ်နေတဲ့အရာ၊ အခက်အခဲကို ဖြေရှင်းပြီး ပေးပျော်တဲ့ ပီတိကို ခံစားနိုင်ရင်၊ အအေးဓာတ် ထွက်နိုင်ရင် ဆုတောင်းပြည့်မယ်။
* စေတနာသည် လူတိုင်းနှင့်မတန်တာ မဟုတ်ပါ၊ ကိုယ့်စေတနာ သူတစ်ပါးမသိသေးတာ လိုနေသေးလို့ပါ။ ထပ်တိုးလိုက်ပါ။
* အဆင်မပြေဘူးဆိုတာ စေတနာအထားမှားနေလို့ပါ၊ ပြင်လိုက်ပါ။

## ဒါန

* ရဟန်းသံဃာကိုလှူရင် သူ့ဘက်က စဉ်းစားပေးပြီး လှူရမယ်။ ဆွမ်းခံရတယ်ဆိုတာ လမ်းကလဲကြမ်းတမ်းတယ်။ ဖိနပ်မပါဘဲနဲ့ လျှောက်ရတယ်။ စားရတော့လဲ ကောင်းတာရော၊ မကောင်းတာရော

http://www.thitsarparamisociety.com


အေး စက်စက်ကြီးစားရတယ်။ ကိုယ့်အိမ်မှာ သေသေချာချာ နေရာထိုင်ခင်းပေးပြီး ကောင်းကောင်း မွန်မွန် သန့်သန့်ရှင်းရှင်း လှူရမယ်။ နေရာထိုင်ခင်း ပေးလိုက်တော့ သူ့နေရာကဝင်ပြီး ခံစားကြည့်လိုက်၊ အညောင်းပြေသွားတာပေါ့။ ပူပူနွေးနွေး သန့်သန့်ရှင်းရှင်း စားရတော့ ပီတိဖြစ်တာပေါ့။ အဲဒီတော့ တူသောအကျိုးပေးပေါ့။ မြန်မြန်ချမ်းသာချင်ရင် နေ့စဉ်ရက်ဆက်လှူပါ။ လှူတဲ့အခါ အပျော်အပါး၊ ဒေါသမပါပါစေနဲ့။ ကိုယ်တိုင် ကိုယ်ကျကပ်ပါ။ ကိုယ်တိုင်ကိုယ်ကျ ခြေသုတ်ပါ။ ကိုယ်တိုင်ကိုယ်ကျ ပန်းကန်ဆေးပါ။ အပေါ်ကနေ မာနနဲ့ မလှူရဘူး။

* ခွေးကိုကျွေးတာကအစ တကယ်စိတ်ဝင်စားပြီး သန့် သန့်ရှင်းရှင်းနဲ့ ကျွေးရတယ်။
* ရအောင်လဲရှာ ပါအောင်လဲယူ။
* ဘယ်သူ့ကိုလှူလှူ ရိုရိုသေသေ လှူရတယ်။ ဒါက အဆင့်အတန်းမြင့်စေတဲ့ခါတ်ပဲ။
* ကိုယ်ပိုင်တဲ့ဥစ္စာပစ္စည်းကို ပေးပျော်နိုင်ရမယ်။
* ဒါနဆိုတာ လောဘကိုသတ်တာ။

http://www.thitsarparamisociety.com


* ဒါနကျင့်ရင် မေတ္တာပါပြီးသား။ ဒါနရဲ့စွမ်းအင်သည် သတ္တဝါတစ်ဦးရဲ့ အရည်အသွေးအဆင့်ကို မြင့်မြင့် လာစေတယ်။ အရှိန်ပြင်းပြင်းဆိုရင် အရည်အသွေး ကို မြန်မြန်တက်စေတယ်။ အဆန်လမ်း။ ဒါနလုပ်ရင် ဆယ်ပါးသော ပါရမီအကုန်ပါတယ်။ လောဘဆိုရင်တော့ ဆန့်ကျင်ဘက်။ အရည်အသွေးကျစေမှာ။ အပေးနဲ့ပျော်ရမယ်။
* ဥပုသ်စောင့်တာနဲ့ မစောင့်တာ ဘာကွာသလဲ၊ ဆုံးဖြတ်ချက်ကွာတယ်။ ဆုံးဖြတ်ချက်ချရင် ကံပြောက်တယ်လေ။ ဆုံးဖြတ်ချက်ချတိုင်း စွမ်းအားဝင်သွားတာ။ ညစာမစားဘူးလို့လဲ လောဘကို သတ်လိုက်တာနော်။ အဲဒီသတ္တိကြောင့် အစားအစာပေါ်မယ်။ အပျော်အပါးလဲ မလုပ်တော့ဘူးလို့ ဆုံးဖြတ်လိုက်တာ။ ပီပီပြင်ပြင်စောင့်တဲ့ ဥပုသ်တစ်ရက်က စွမ်းအားမသေးဘူးနော်။ လက်တွေ့ တရားတွေနော်။ လုပ်ကြည့်ကြ။ လုပ်မကြည့်ဘဲနဲ့တော့ မဟုတ်ဘူး မလုပ်နဲ့နော်။ စွမ်းအားဖြည့်ကြ။
* သူ့အသက်သတ်တာ၊ ပစ္စည်းခိုးတာ၊ ကာမဂုဏ် မေထုံတွေလဲ ရှောင်ရမယ်။

http://www.thitsarparamisociety.com



* **သီလဆိုတာ** ရောဂါကိုးစေမဲ့အရာ (ကိလေသာ)ကို သတ်တာ။ အပျော်အပါး(နစ္စ၊ဂီတ)လဲမလျှော့ တရားက အိပ်ခါနီးလေးမှ နာရီဝက်၊ တစ်နာရီ လောက်ကျင့် မတည့်တာစားတာ များနေတယ်။ တရားကျင့်တယ်ဆိုတာ ဆေးစားတာ။ ဘယ်ဟာ က များနေလဲ။

* တချို့ကပြောမြယ်၊ ငါ ဘာမှ မကောင်းတာမလုပ် ဘူး၊ ကောင်းကောင်းနေတာပဲ၊ မတူဘူးနော်။ ဥပုသ်စောင့်စရာ မလိုဘူးလို့ ပြောကြတယ်နော်။ မှားနေတယ်။

## မိဘ

* မိဘဆိုတာ မြတ်သောအလှူခံကြီးတွေပါ။

* မိဘပြစ်မှားတဲ့၊ ပြန်ပြောတဲ့ပုဂ္ဂိုလ်၊ နှုတ်ကြမ်းတဲ့ ပုဂ္ဂိုလ်သည် ပါးစပ်မှာ လောက်တွယ်တဲ့ ပြိတ္တာဘုံ ကိုရောက်တယ်။

* မိဘဆရာသမား၊ အလှူခံပုဂ္ဂိုလ်တွေကို မရိုသေတဲ့ သူသည် သူများအထက် ဘယ်တော့မှ မရောက်ပါ။

* ကိုယ်ငယ်ငယ်က မိဘအပေါ်မှာ ချီးပါချေး သေးပါချေး

http://www.thitsarparamisociety.com



မိဘတွေက မုန်းမှမမုန်းတာ၊ ကိုယ့်အပေါ် သည်းခံတာပဲလေ။ မိဘတွေက ကိုယ့်အပေါ်ချီးမှ ပါမချသေးတာ၊ သည်းခံရမယ်။

* မိဘကျေးလို့လဲ ကြီးလာသေးတယ်၊ နဲနဲလေးကြီးလာလို့ လုပ်ရည်ကိုင်ရည်ရှိလာတာနဲ့ မိဘကို အထင်သေး၊ ပြန်ပြော၊ အမေတို့လုပ်ပုံနဲ့ ဘယ်တော့ ချမ်းသာမှာလဲ၊ အဖေတို့လုပ်ပုံနဲ့ ဘယ်တော့ချမ်းသာမှာလဲ၊ ဒီလိုအခြေအနေ ရောက်ရင် (ပြစ်မှားတဲ့ ရာနှုန်းများလာရင်) ဘုန်းဘုန်းတို့လဲ မကယ်နိုင်ဘူးနော်။ ဘယ်သူမှ မကယ်နိုင်ဘူးနော်။ ဓမ္မသဘောက မျက်နှာ မလိုက်ဘူး။

* ဘုန်းဘုန်းက ချွေးမတွေကိုလဲ ဆုံးမရတယ်။ ယောကျ်ားက မိဘကိုရိုသေလို့ ဘုန်းကြီးရင် နင်တို့လဲ ချမ်းသာမယ်။ မပြစ်မှားနဲ့။

* အမေကလဲ၊ အဖေကလဲလို့ မသုံးသင့်ဘူး။ ကျေးဇူးကြီးလွန်းလို့ပါ။

* ကိုယ့်ရဲ့အတွေးစာမျက်နှာမှာ ဘယ်ဟာက အရေးကြီးလဲ၊ မိဘကအရေးကြီးတာလား၊ မိန်းမလား၊

http://www.thitsarparamisociety.com


ယောက်ျားလား၊ သားသမီးလား၊ စဉ်းစားကြပါ။ မိဘရောပါရဲ့လား။ ယောက်ျားက မိဘကို အရေးတကြီးထားရင်လည်း မိန်းမက နားလည်ပေးရမယ်။ မိန်းမက မိဘကို အရေးတကြီးထားရင်လည်း ယောက်ျားက နားလည်ပေးရမယ်။

* မင်္ဂလသုတ္တန်မှာ မာတာပိတုဉပဋ္ဌာနံလေ။ မိဘကို ထိပ်တန်းကထားရမှာ။
* မိဘကို အကြွင်းမဲ့ ချစ်ရမယ်။ မိဘရင်ထဲ အေးချမ်းအောင်နေပါ။ မိဘကို တန်ဖိုးထားရမယ်နော်။
* ပေးလားဝါးလား လုပ်ရဲရင် မိဘကိုလဲ ကန်တော့ရဲရမယ်၊ မဟုတ်တာမှ လုပ်ရဲတယ်ဆိုရင် ဟုတ်တာလဲ လုပ်ရဲရမယ်၊ အကျိုးမရှိတာလုပ်ရဲရင် အကျိုးရှိတာလဲ လုပ်ရဲရမယ်။
* အမေနဲ့သေခန်းပြတ်၊ အဖေနဲ့သေခန်းပြတ် ဆိုတဲ့ ပုဂ္ဂိုလ်တွေသည် တရားနာလို့ မရနိုင်ဘူး။ သဘောမပေါက်နိုင်ဘူး၊ မဂ်တားဖိုလ်တား ဖြစ်တတ်တယ်နော်။
* အမေမှားလည်း အမေမှန်တယ်၊ အဖေမှားလည်း အဖေမှန်တယ်။

http://www.thitsarparamisociety.com


* မိဘပြောချင်တာပြောပစေ။ မိဘကို အမှန်ထားရမယ်။ တကယ်ချစ်ရတယ်နော်။
* မိဘဆရာသမားကိုချစ်ရင် တစ်ခွန်းထဲသောစကား နဲ့ နားထောင်ရတယ်၊ ပြန်မပြောရဘူး။ နောက်မှ အကျိုးအကြောင်း ရှင်းပြရတယ်။
* ကိုယ်ဘဝ တကယ်တိုးတက်ချင်ရင်၊ စီးပွားတိုးတက်ချင်ရင် မိဘ၊ ဆရာသမားကို အင်မတန်ရိုသေရတယ်။ နဖူးနဲ့ ခြေမထိပြီး ပူဇော်ကြ၊ မြတ်နိုးကြ၊ မော်ကြည့်ကြ။

## မေတ္တာ

* အကြောတွေတင်းပြီး အပူဓာတ်ထွက်စေမဲ့ အရာတွေကို ရှောင်ရမယ်။
* ဘုရားဂုဏ်တော်၊ သရဏဂုံရွတ်၊ မေတ္တာပွား၊ ဘုရား တပည့်တော်ရဲ့ကိုယ်ကို အရှင်ဘုရားရဲ့ ဘုရား ကျောင်းတော်အဖြစ် သီတင်းသုံးတော်မူပါ။ ညအိပ်ခါနီးလုပ်နော်။ ဘယ်လို မကောင်းဆိုးဝါးရှိတဲ့ နေရာဖြစ်ဖြစ် အန္တရာယ်ကင်းတယ်နော်။ သရဲဘီလူးတွေ ဆိုတာလည်း ကိုယ့်ရဲ့မိဘဟောင်းတွေပဲနော်။ ကိုယ့်မိဘရဲ့ရင်ခွင်ထဲမှာ အိပ်သလိုပဲ စိတ်ချလက်ချ အိပ်ရတယ်။

http://www.thitsarparamisociety.com


* ကိုယ့်ကိုယ်နဲ့ သူ့စိတ်နေပါတယ်။

* ကိုယ်တွေးတာတွေက ကိုယ့်ကို အကျိုးပေးနေတာ။ အတွေးတွေကို သတိထားနေရမယ်။ ကိုယ်တွေးတာက ကုသိုလ်ခတ်လား၊ အကုသိုလ်ခတ်လား ဆိုတာ သိရမယ်။

* ဒါနရဲ့နောက်မှာ ကုသိုလ်ပါတယ်။ ပေးတဲ့အလှူ အာဟာရကို စားသုံးပြီး ချမ်းချမ်းသာသာ တရားအားထုတ်နိုင်ပါစေလို့ မေတ္တာထားရမယ်။ တရားတစ်ပွဲဖြစ်မြောက်ဖို့အတွက် ရေနွေးတစ်အိုးရဖို့ ထင်း လေးတစ်ချောင်းထိုးပေးတဲ့ သူရဲ့ ကျေးဇူးက အစ ပါတယ်။

* ပြောလိုက် ဆိုလိုက်ရလို့ ကိုယ်နိုင်တယ်မထင်ပါနဲ့။ အမှန်က ကိုယ်ရှုံးတာ။ ကိုယ့်အပေါ် မကောင်းကြံတဲ့ သူကိုတောင် မေတ္တာထားလိုက်ပါ။

* နေမကောင်းဖြစ်တဲ့ ပုဂ္ဂိုလ်တွေဆိုရင် သေခါနီးသတ္တဝါတွေကိုကယ်ပေး။

* အကောင်းဆုံးဟာ မေတ္တာနဲ့နေတာ အကောင်းဆုံးပဲ။ အတင်းပြောစရာ အကြောင်းမရှိဘူး။ ကိုယ့်ကိုကိုယ် အရှုံးမခံနဲ့နော်။

http://www.thitsarparamisociety.com


## ကျေးဇူးတရား

* သံသရာရှည်လွန်းလို့ မတော်ဖူးတဲ့အမိ၊ မတော်ဖူးတဲ့အဘမရှိဘူးလို့ အနမတဂ္ဂသုတ်မှာ ဘုရားဟောထားတယ်။ အားလုံးဟာ လှည့်ပြီး အမျိုးတော်ခဲ့ကြတာ၊ တစ်လောကလုံးရှိတဲ့ သတ္တဝါအားလုံးတို့သည် အမျိုးတွေချည်းပဲ၊ ကျေးဇူးကင်းတဲ့ပုဂ္ဂိုလ် မရှိပါဘူး။ ကိုယ်ကအော်လိုက်ဟစ်လိုက်တယ်၊ စိတ်ဆိုးလိုက်တယ်ဆိုရင် သူပေးတဲ့အင်အားနဲ့ သူ့ကိုပြန်ပြီး တိုက်ခိုက်သလို ဖြစ်နေမှာပေါ့၊ ကျေးဇူးကန်းတဲ့သဘော ဖြစ်နေတာပေါ့။ စဉ်းစား စဉ်းစား။

* ကျေးဇူးမြင်ရင် မေတ္တာပေါ်တယ်။ ကျေးဇူးပျောက်ရင် မာနပေါ်မယ်။

* ကျေးဇူးသိတတ်တဲ့ပုဂ္ဂိုလ်၊ ကျေးဇူးရှိပါတယ်လို့ ပြောရဲတဲ့ပုဂ္ဂိုလ်၊ ကျေးဇူးဆပ်တတ်တဲ့ပုဂ္ဂိုလ်၊ ဤသုံးမျိုးကို ရနိုင်ခဲတယ်။

## ဘာဝနာ

* ဘာဝနာတစ်ချက်ပွားတဲ့အချိန်မှာ ဗောဓိပက္ခိယတရား (၃၇)ပါး အကုန်ပါသွားပြီ။

http://www.thitsarparamisociety.com



* မျက်တောင်တစ်ခတ်မှာ မရှုမှတ်ရင် အကြွေးတင်တယ်။ ရှုမှတ်ရင်တော့ ကြွေးဟောင်းလဲကျေ၊ ကြွေးသစ်လဲ မတင်ပါဘူး။
* သိသားပဲနဲ့ ပွားများတာ မတူဘူးနော်။ ပွားများမှ သတ္တိကိန်းမှာ။

ဝီရိယ

* အဓိဋ္ဌာန်က သံတုံးကို အပ်ဖြစ်အောင်လုပ်ရမယ်။ ဒီဘဝနဲ့ ဒီအလုပ်ပဲလို့ ဆုံးဖြတ်ချက်ချရမှာ။ ဝီရိယက မလျှော့မတင်းလေး ထားရမယ်။
* သေးငယ်တဲ့ငှက်လေးကို ဖမ်းသလို၊ အတင်းလဲ ဆုပ်မထားရဘူး။ အရမ်းလျှော့လို့လဲ မရဘူး။ အရှိ အတိုင်းလေး ရှုမှတ်ရမှာ။ ဒါမှ တဏှာအစပ် ပြတ်မယ်။ ရှုမှတ်နေရင်း လွတ်မြောက်သွားရင်ပြီးပြီပေါ့။
* ကုသိုလ်ကောင်းမှုတစ်ခု ပြုတဲ့အခါ ဆုံးဖြတ်ချက် ချတိုင်းလျှော့ရဲရဲမရှိ၊ နောက်မဆုတ်တမ်း အဓိဋ္ဌာန် အောင်အောင်အားထုတ်၊ မချသောလုံ့လနဲ့ ရှုမှတ်ပါ။

http://www.thitsarparamisociety.com


## သံဝေဂ

* ချစ်သားတို့ မပေါ့ကြနဲ့။ မမေ့ကြနဲ့။ သံသရာ အရှည်ကြီးမှာ ဘုရားအဖြစ်ကိုရဖို့၊ လူ၊ ရဟန်း၊ ဘုရား၊ တရား သံဃာကို ယုံကြည်တဲ့သဒ္ဓါတရား၊ သံသရာမှ လွတ်မြောက်မယ့် တရားစစ် တရားမှန် ကို နာကြားရဖို့ကလည်း အင်မတန်ရခဲတယ်။ သံသရာကို မမေ့ရဘူးတဲ့။
* အခေါ် အရှိ လိုက်စားဘိ ရောက်၏ ပါယ်လေး ရွာ၊ တကယ့်အရှိ လိုက်စားဘိ ရောက်၏ သေလွတ်ရွာ။
* အားလုံးက သေမိန့်ကျပြီးသား သူတွေချည်းပဲ။
* အသက်ရှင်နေတယ် ကျန်းမာနေသေးတယ် ဆိုတာ ဘယ်တော့မှ မသေရာလမ်းကို ပေါက်အောင်ကျင့်ဖို့ အခွင့်အရေးပေးထားတာ။ တစ်သက်ဆိုတာ ခဏ လေးပါ။
* တော်ကြာသေတော့မှာ၊ အချိန် သိပ်မရှိတော့ဘူး၊ ကန့်သတ်ချိန် တအားနည်းနေပြီ၊ ကြိုးစားရမယ်။
* ရှင်တာကမမြဲဘူး၊ သေတာကမြဲတယ်။ အခုအချိန် သေရင် အားလုံးထားခဲ့ရမှာ။
* တော်ကြာသေမဲ့သူက တိုက်တွေ ကားတွေရွှေတွေ

http://www.thitsarparamisociety.com


ရှာဖို့အတွက်ပဲ အချိန်တွေပေးနေတာ ကောင်းလား၊ တော်ကြာထားခဲ့ရမှာ။

* အိုရမှာကိုလည်း တကယ်ရှက်ရမယ်၊ နာရမှာလည်း တကယ်ရှက်ရမယ်။ သေရမှာလည်း တကယ်ရှက်ရမယ်။
* ကိုယ့်ကိုကိုယ်သနားရင် ကြိမ်ဖန်များစွာ ပွားရမယ်။
* သေလို့ ကိလေသာအပူတွေနဲ့ သေရင် သေချင်းဆိုးနဲ့ သေတယ်လို့ခေါ်တယ်။
* ခန္ဓာကိုယ်ကို တကယ်အနှစ်သက်တဲ့ စိတ်ပေါ်မှ တဏှာ အစပ်ပြတ်မှာ။
* ကြီးပွားရေး၊ ကြီးပွားရေးနဲ့ အားထုတ်ကြတာ နောက်ဆုံးတော့ မြေကြီးပဲ မြင့်မြင့်လာပါတယ်။
* မနက်ဖြန်ဆိုတာ စိတ်မချရဘူး၊ ဒီနေ့ပဲ ကြိုးစားအားထုက်ရမယ်။
* မလုပ်ဖြစ်တာကတော့ မကြောက်ကြသေးလို့ပါ။
* အကောင်းဆုံးတရားကို သိရဲသားနဲ့မှ မကျင့်ရင် ကိုယ့်အပြစ်ပဲ။
* ကံကောင်း ဉာဏ်ကောင်းတုန်းက တဏှာနဲ့ အချိန်ဖြုန်းခဲ့ပြီ။ ကံမွဲ၊ ဉာဏ်မွဲမှ ဆရာသမားဆီလာတော့

http://www.thitsarparamisociety.com


ဘယ်လို ဟောရမှန်းတောင်မသိတော့ဘူး။

(မိုးကုတ်ဆရာတော်ဘုရားကြီး)

* နောက်မှဆိုတာ မသေချာဘူးနော်။ ရတုန်းယူကြပါ။ ကိုယ့်သက်တမ်းကလဲ စိတ်မချရဘူးနော်။

* နောက်ဆုံး ဘယ်လောက်ပဲချမ်းသာချမ်းသာ မြေသြဇာလမ်းဆုံးပဲ။

* အသေဦးသွားခဲ့သော် ကိလေသာမကုန်ခဲ့သော် ဘဝ တစ်ဖန်လာဦးမှာ။

* အခုနေသေရင် အားလုံးထားခဲ့ရမယ်။

* ကာမဂုဏ်ချမ်းသာဆိုတာ အဆိပ်ထည့်ထားတဲ့ အချိုရည်ခွက်နဲ့ တူပါတယ်တဲ့။ သောက်လိုက်ရင်တော့ ချိုပါတယ်။ ဒါပေမဲ့ အဆိပ်ထည့်ထားတဲ့ အတွက် သောက်ပြီးမကြာခင် သေမှာပါ။ အင်မတန် ပူလောင်လှပါတယ်။

* အိုခြင်းတစ်ဖြာ၊ နာခြင်းတစ်ထွေ၊ သေခြင်းတစ်ခြား၊ ကွဲပြားတစ်တန်၊ ကံလျှင်ဥစ္စာ၊ ဤငါးဖြာကို၊ မကွာနေ့ည၊ ဉာဏ်သက်ဝင်၍ ဆင်ခြင်ကြ။

* အိုနာသေသို့ မောင်းနှင်ပို့ လူတို့မမြဲပါတကား၊

http://www.thitsarparamisociety.com


ခိုကိုးရာမဲ့ တွယ်ရာမဲ့ အားနွဲ့လှချေ ပါတကား၊
ကိုယ်ပိုင်ဥစ္စာ မရှိပါ ထားကာ သွားရမှာပါတကား၊
လိုမပြည့်ဝ အားမရ တဏှာ့ကျွန်ချည်းပါတကား။

* တစ်ရက်အတွင်းမှာ ငါ့ခန္ဓာ မှန်စွာသေတတ် သည်။
နေ့ထက်ဝက်မှာ ငါ့ခန္ဓာ မှန်စွာသေ တတ်သည်။
လေးငါးလုတ်မှာ ငါ့ခန္ဓာ မှန်စွာ သေတတ်သည်။
တစ်လုတ်စားမှာ ငါ့ခန္ဓာ မှန်စွာ သေတတ်သည်။
ဝင် ထွက် သက်မှာ ငါ့ခန္ဓာ မှန်စွာသေတတ်သည်။
မေ့မေ့ လျော့ လျော့ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။

* ဘာမှသာယာဖွယ် မရှိပါဘူး၊ လောကအမြင်က သာယာဖွယ် နောက်ကွယ်ကတော့ သာယာဖွယ် မရှိပါဘူး။

* မရဘူးတာဆိုလို့ နိဗ္ဗာန်ပဲရှိပါတော့တယ်။

* ဘယ်လောက်ပဲ ပျော်စရာကောင်းကောင်း နောက်ဆုံးတော့ သေကွဲရှင်ကွဲ ကွဲခဲ့ရတာ များလှပါပြီ။ ပင်ပန်းကြတာ၊ အင်မတန်ပူလောင်ကြတာ။

* သား၊ သမီး၊ ခင်ပွန်းသည်၊ ခင်းပွန်းမ၊ စီးပွား အတွက်နဲ့ ပူခဲ့ရပေါင်း များလှပါပြီ။ တော်လောက်ပါပြီ၊ လွတ် လမ်းမရှိပါဘူး။ တော်လောက်ပါပြီ။

http://www.thitsarparamisociety.com


* ငါသည် မုချသေရမည်။ အချိန်ပိုင်းသာလိုတော့သည်။ အသေမဦးခင် ဉာဏ်ဦးအောင် ကြိုးစားအားထုတ်ပါတော့မည်။

(မိုးကုတ်ဆရာတော်ဘုရားကြီး)

* မသိတော့ **လိုချင်**၊ **လိုချင်**တော့ ပြုလုပ်၊ ပြုလုပ်တော့ **ရရှိ**၊ **ရရှိတော့** ဒုက္ခ၊ ခံကြပေအုံးတော့။

**(စွန်းလွန်းဆရာတော်ဘုရားကြီး)**

* အခုနေသေခဲ့သော်. . .

♣♣♣♣♣

## ဝိပဿနာ

* ဝိပဿနာတရားဟာ စီးပွားပျက်တဲ့တရား၊ ဆင်းရဲတဲ့ တရားဆိုရင် ဘုရားဟာ ကုန်းကောက်စရာ မရှိအောင် ဆင်းရဲမှာပေါ့။ ဘုရားက ဝိပဿနာတရား မပျက်မလပ်အမြဲပွားနေတာ။ ဆင်းရဲတာဟာ မကျင့် တတ်လို့ပါ။

* ဝိပဿနာတရားသည် တကယ်အားကိုးထိုက်တဲ့ တရားဆိုတာ မှတ်ထားပါ။

* 'ငါ'သေမှအေးမယ်။

http://www.thitsarparamisociety.com



* နိဗ္ဗာန်လိုချင်ရင် ဝိပဿနာတရား အားထုတ်ရမယ်၊ ဝိပဿနာတရားအားထုတ်ဖို့ ခန္ဓာငါးပါး အမြင်မှန် ရမယ်။

* နာ(ခံစားရ)တာကိုကြည့်တာမဟုတ်ဘူး။ ကုန် (ပျောက်)တာကို ကြည့်နေတာ။

* ဝိပဿနာပွားများတဲ့ ပုဂ္ဂိုလ်သည် စွမ်းအားပြည့် တန်ခိုးကြီးနေတာပဲ။ လောကီရေးရာ လောကုတ္တ ရာမှာပါ ချမ်းသာကိုပေးပါတယ်။

* တရားစခန်းမှာ ၅ ရက်သင်ရတဲ့ အဓိက ရည်ရွယ် ချက်က အပါယ်ကျစေသော သက္ကာယဒိဋ္ဌိ ပယ်သတ်ရေးပါပဲ။ တစ်သံသရာလုံးကပါခဲ့တဲ့ သက္ကာယဒိဋ္ဌိ ပြုတ်အောင် ဖြုတ်ရမှာ။

* အိုနာသေဆင်းရဲတွေ ကြောက်သောကြောင့် ဇာတိ မလာရေးအတွက် ကျင့်ရပါတယ်။ အိုနာသေ ဆင်းရဲမှလွတ်အောင် တရားကျင့်ရပါတယ်။ ငါမင် ရဖို့၊ ငါတရားရအောင်၊ ငါဂုဏ်ရှိအောင် လုပ်တာ မဟုတ်ပါ။

* တကယ်ရှုမှတ်ရမှာက ခန္ဓာငါးပါး၊ ရှုမှတ်ရင်လဲ အတိတ်ခန္ဓာ အစဉ်မလိုက်ရဘူး၊ အနာဂတ်ခန္ဓာ က ပေါ်မလာသေးဘူး။ အတိတ်ခန္ဓာက ချုပ်

http://www.thitsarparamisociety.com



ပျောက်သွားပြီ ပြန်မလာတော့ဘူး၊

* သမုတိသစ္စာလည်း အစူးမနာပါစေနဲ့။ ပရမတ္ထသစ္စာလည်း နယ်မကျွံပါစေနဲ့။
* တကယ့်အရှိတရားသည် ခန္ဓာငါးပါးပဲ။
* လုပ်သင့်တာမလုပ်တာကို ပျင်းတယ်လို့ခေါ်တယ်။ ပျင်းတဲ့ပုဂ္ဂိုလ်ထဲ ပါချင်သလား၊ တရားသမားဆိုရင် အချိန်တိုင်း အလုပ်ရှိတယ်။ အသက်ရှူနေသရွေ့ အလုပ်ရှိတယ်။

## အထွေထွေ

* နိဗ္ဗာန်လိုချင်ရင် သူများအတင်းမပြောနဲ့။
* ချမ်းသာလိုချင်ရင် သူများအတင်းမပြောနဲ့။
* ကလေးတွေကိုတော့ ကိုယ့်အမြင်နဲ့ မလိမ္မာဘူးလို့ ပြောတယ်၊ ကိုယ်ကရော။
* သံသရာဘယ်ကစလို့ ဘယ်မှာဆုံးပါသလဲ၊ မသိတာစလို့ သိတော့ဆုံးပါတယ်၊

(လယ်တီဆရာတော်ဘုရားကြီး)

* အိုနာသေဘက်ကမ်းမှ အိုနာသေ လွတ်ရာဘက်ကမ်းသို့ ရောက်စေသောအလုပ်ကို ပါရမီလို့ ခေါ်တယ်တဲ့။

http://www.thitsarparamisociety.com



* လူမိုက်နဲ့ ပညာရှိကို တခြားမှာ သွားမရှာပါနဲ့။ ကိုယ့်သန္တာန်မှာ ရှိနေတာ။

* အမှန်အတိုင်းမသိတဲ့အချိန် လူမိုက်။ အမှန်အတိုင်းသိတဲ့အချိန် ပညာရှိ။ အချိန်ပိုင်းလူမိုက် အချိန်ပိုင်းပညာရှိ။

(ဂျုံးဂျုံးကျဆရာတော်ဘုရားကြီး)

* ငါမှားလည်း သူပြင်တာခံမယ်။ သူမှားလည်း ငါပြင်မယ်။ **(စံကင်းဆရာတော်ဘုရားကြီး)**

**အရင်ကကောင်းလို့၊ အခုကောင်းသည်၊ အခုကောင်းရင်နောင်ကောင်းပါလိမ့်မည်။**

* တောင့်တ(လိုချင်)နည်းတော့ ကြောင့်ကြ(ပူလောင်)နည်းတယ်။ ကြောင့်ကြနည်းရင် နှလုံးအေးတယ်။

* ဆုပ်ရင်ကွဲတယ်၊ ကျဲရင်လုံးတယ်။

ယူရင် ပြိုကွဲတယ်၊ ပေးရင်ပြည့်စုံတယ်။

* ရှိတာနဲ့ စိတ်ကူးကွာဟတာများရင် ဒုက္ခများမယ်။

* ဖြစ်ချင်တာတွေ လိုချင်တာတွေ လက်ရှိဘဝနဲ့ မဟပ်အောင် သိပ်များလာရင် လွန်သွားပြီ။ လက်ရှိဘဝနဲ့ ဟပ်အောင် စိတ်ကိုပြင်ပေးရမယ်။

http://www.thitsarparamisociety.com


* ရောင့်ရဲခြင်းဟာ ချမ်းသာ၊ ကိုယ်ပိုင်ထင်တဲ့ အရာတွေဟာ တကယ်တော့ မပိုင်ပါဘူး။ ကိုယ်တကယ်မပိုင်တဲ့အရာတွေကို မပိုင်သလိုပဲနေပါ။
* ကြမ်းတမ်းတုန်း အရောင်မှိန်တုန်း သေခဲ့ရင်တော့ သေချာတယ်၊ အပါယ်ဇာတ်ပဲ။
* စိတ်နှလုံးအေးတုန်း သေခဲ့ရင် အရောင်တောက်နတ်ဖြစ်မယ်၊ မာန်လျှော့တတ်လို့ အထည်မထင်ရင်တောင် အထက်ဆန်ပါတယ်။ သေခြင်းတရားဟာ ကပ်နေပြီလို့ နှလုံးသွင်းရမှာ။
* အချိန်တိုင်း တွေးနေရင်း ဘဝပြောင်းနေသည်။
* မျိုးဆက်သစ်တွေ အမြင်မှန်ဖို့ လိုတယ်။ အဒေတွေးအခေါ်မှန်ဖို့လိုတယ်။
* ပျင်းလို့မလုပ်ရင်(အသေတွေ့မှ)သေခါနီးမှ အဖြေပေါ်မယ်။
* ရုပ်ရှင်ဆိုလဲ ရှေ့ဘာဖြစ်မလဲဆိုပြီး ကြည့်နေတော့ အကြောင်းတင်းနေတာပေါ့၊ သဘောကျရင်လဲ ရာဂဖြစ် နေတယ်။ ရုပ်ညှံ့ရင် စိတ်ပါညှံ့မယ်။
* ချမ်းသာခံစားရလေလေ ဆင်းရဲထင်ရှားလေလေ။

(သပြေကန်ဆရာတော်ဘုရားကြီး)

http://www.thitsarparamisociety.com


* ဘုရားဟောတာက ဒေါသသိမ်းဘို့ လောဘသတ်ဘို့ မောဟပယ်ဘို့။
* ကိုယ်သာနာ၍ စိတ်မနာအောင် ကျင့်ရမယ်တဲ့။
* အတွေးရပ်ရင် ဟော်မုန်းတွေကောင်းလာတယ်။ အတွေးများရင် ဦးနှောက်က ဟော်မုန်းအညံ့တွေ ထွက်တယ်။
* လူတစ်ယောက်ဟာ တစ်ခုတော်တာနဲ့ ကိုယ်ကိုကိုယ် အကုန်တော်တယ်လို့ မထင်နဲ့။ တစ်ခုညံ့တာနဲ့လဲ အကုန်ညံ့တယ်လို့ မသတ်မှတ်နဲ့၊ နေရာတိုင်းလဲ အကုန်တော်၊ အကုန်ညံ့ မရှိဘူး။ ကိုယ့်ကိုကိုယ် နေရာတိုင်းတော်တယ်လို့ ထင်နေရင်တော့ မလွယ်ဘူးနော်။
* စိတ်နဲ့အာရုံ အဆင်ပြေအောင် နေရမယ်တဲ့။

**(ယောဆရာတော်ဘုရားကြီး)**

* တာဝန်ကျေပါ၊ မတွယ်တာပါနဲ့။

**(တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး)**

* တောင်တရှိရင် ကြောင့်ကြရှိမယ်။
* ကောင်းတယ်ဆိုတာကို ကိုယ့်စိတ်က မကြိုက်ရင်လဲ ပေးသာလုပ်ပါ၊ လုပ်ရင်းလုပ်ရင်းနဲ့ ကြိုက်လာလိမ့်

http://www.thitsarparamisociety.com


မယ်။ ဘဝအဆက်ဆက်က မကောင်းတာကိုဘဲ ကြိုက်ခဲ့တော့ သွေးထဲမှာ မကောင်းတာကိုဘဲ ကြိုက်တဲ့သတ္တိကိန်းနေတဲ့အတွက် မကောင်းတာ ကိုပဲ ကြိုက်နေလိမ့်မယ်၊ မကောင်းတာကို ရှောင်ပါ။ မလုပ်ပါနဲ့။

* အကျိုးတရားကို မပွားပါနဲ့။ အကြောင်းတရား ကိုသာ တည့်အောင်လုပ်ပါ။

(လေ့သင်းမင်းကျောင်း ဆရာတော်ဘုရားကြီး)

* ဘယ်အကြောင်းကြောင့်မှ အပူခာတ်မထွက်စေနဲ့။ ဘာကြောင့်ပူပူ ဘယ်သူ့ကြောင့်ပူပူ အောက်ပဲ စုန်မှာပဲ။ ဘာကြောင့်ပူပူ ကိုယ်အရှုံးပဲ။

* လူတစ်ယောက်အကြောင်းကိုတွေးရင် မကောင်း တဲ့နေရာမှာ ရပ်မထားရဘူး။ ခွင့်လွှတ်နိုင်တဲ့အဆင့် ရောက်အောင် တွေးရမယ်။

* လောကမှာ ဖြစ်နေတာတွေ မှန်သမျှသည် ဖြစ်သင့် လို့ ဖြစ်တာ။ အကြောင်းကြောင့် အကျိုးဖြစ်တာ။

* တစ်ပါးသူ၏အပြစ်ကို ရှုလေ့ရှိသောပုဂ္ဂိုလ်၊ ပြောလေ့ရှိသောပုဂ္ဂိုလ်၌ အာသဝေါတရားတို့သည်

http://www.thitsarparamisociety.com



တိုးပွားကြကုန်၏။ နိဗ္ဗာန်နှင့် အဝေးကြီးဝေးကြကုန်၏။ **(ရာဟုလောဝါဒသုတ္တန်)**

* အတွေးအခေါ် သေတာ လူသေတာထက် ဆိုးတယ်။
* အကြိမ်ကြိမ် အပါယ်ကျခဲ့တာ များလှပါပြီ။ အစုန်အဆန် အဖြစ်ချင်းလဲ ထပ်နေပါပြီ။ မရဘူးသေးတာ နိဗ္ဗာန်ပဲ ကျန်တော့တယ်။
* အမှားကြာတော့ အမှန်ဖြစ်တယ်။

**(ရွှေကျင် ဆရာတော် ဘုရားကြီး)**

* အသိမှန်မှ အကျင့်မှန်မယ်။

**(ယောဆရာတော် ဘုရားကြီး)**

* ပညာဆိုတာ ရှေ့မှာဖြစ်မယ့် ကောင်းကျိုးဆိုးကျိုးကို ရှင်းရှင်းမြင်နိုင်တယ်။

◆ ◆ ◆ ◆ ◆

http://www.thitsarparamisociety.com


## မြတ်စွာဘုရားအား ရှိခိုးပူဇော်ခြင်း

၁။ ငါးမာန်အောင်မြင် . . . ဘုရားရှင်ကို
ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၂။ ကိလေသာကင်းစင် ဘုရားရှင်ကို
ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၃။ သစ္စာသိမြင် ဘုရားရှင်ကို
ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၄။ အနန္တဂုဏ်အင် ဘုရားရှင်ကို
ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၅။ ငြိမ်းအေးသခင် ဘုရားရှင်ကို
ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၆။ သံသရာကယ်တင် ဘုရားရှင်ကို
ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၇။ နိဗ္ဗာန်စံဝင် ဘုရားရှင်ကို
ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၈။ ပရိနိဗ္ဗာန်စံဝင် ဘုရားရှင်ကို
ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။